
ဘာသာပြန် - တင်အောင်ခိုင်
မိုးမြေဖန်ဆင်းရှင်
စာစဉ် -၃၈

မိုးမြေဖန်ဆင်းရှင်
အခန်း - ၃၇၁
( စံအိမ်သခင် )
*

နိုင်းယွမ်နှင့် မူရှာတို့ မူရန်နောက်မှ လိုက်ကာ ကျယ်ဝန်းသော ခန်းမဆောင်ကြီး တစ်ခုထဲသို့ ဝင်ရောက်သွားကြပြီး သူတို့ ထွက်သွားပြီး နောက် မူကျဲနှင့် အခြားသူများ၏ မျက်နှာပေါ်ရှိ အမူအရာများကို မသိရှိခဲ့ကြချေ။

မူရန်က သူတို့ ရောက်ရှိလာကြောင်း အကြောင်းကြားပြီးနောက် ပြုံးကာ သူတို့ နှစ်ယောက်ကို ခန်းမထဲသို့ ခေါ်ဆောင်သွားသည်။

ခန်းမထဲတွင် ဧည့်သည်များ လက်ခံတွေ့ဆုံရန်

စားပွဲနှင့် ကုလားထိုင် အနည်းငယ်သာ ရှိပြီး ရိုးရှင်းသော အပင်အချို့ဖြင့် အလွန် ရိုးရှင်းစွာ အလှဆင်ထားပေသည်။ သို့သော် ပို၍ ရိုးရှင်းလေ ပို၍ ခမ်းနားထည်ဝါပုံ ပေါက်လေဖြစ်ပြီး ပိုင်ရှင်ဖြစ်သူက သာမန်မဟုတ်မှန်း သိသာလှ၏။

"လာ... ထိုင်ကြပါ..."

နိုင်းယွမ် ပတ်ဝန်းကျင်ကို ပေါ့ပေါ့ပါးပါး ဝေ့ကြည့်လိုက်ချိန်တွင် ခန်းမ၏ အလယ်ဗဟိုမှ အနည်းငယ် အိုမင်းနေသော အသံတစ်သံကို ကြားလိုက်ရသည်။ သူ မော့ကြည့်လိုက်ရာ အလယ်တွင် ထိုင်နေသော အဘိုးကြီး တစ်ယောက်ကို တွေ့လိုက်ရပြီး သူ၏ မျက်နှာတွင် ခပ်ယဲ့ယဲ့ အပြုံးတစ်ခု ရှိနေ၏။

ထိုအဘိုးကြီးက အသက် ငါးဆယ်ခန့် ရှိပုံရပြီး ထက်မြက်ကာ စူးရှသော လင်းယုန် မျက်လုံးများ

ရှိ၏။ သူ၏ လက်ဝါးများက ကြီးမားပြီး အစွမ်းထက်ကာ အသားမာများ ဖုံးလွှမ်းနေသဖြင့် သိုင်းပညာတွင် အလွန်အမင်း ကျွမ်းကျင်သူ တစ်ယောက် ဖြစ်ကြောင်း ညွှန်ပြနေပေသည်။

"ယွမ်ရှန်း အထွတ်အထိပ် အဆင့်လား... စိတ်ဝိညာဉ်အဆင့် အစောပိုင်းအဆင့် ဝိညာဉ်ပဲ..."

အလျင်အမြန် အကဲခတ်ပြီးနောက် နိုင်းယွမ် တစ်ဖက်လူ၏ ခွန်အားအစစ်အမှန်ကို ချက်ချင်း သိရှိသွားသည်။ ထို့နောက် သူ၏ မျက်လုံးများ လက်ခနဲ ဖြစ်သွားပြီး ခန္ဓာကိုယ်ထဲရှိ စွမ်းအင်အားလုံးကို လုံးဝ ဖုံးကွယ်ထားလိုက်သည်။ မည်သူမျှ တစ်ခုခု မှားယွင်းနေကြောင်း အာရုံခံမိမည် မဟုတ်တော့ချေ။

သူ၏ ဝိညာဉ်က ယခုအခါ စိတ်ဝိညာဉ်အလယ်အဆင့်တွင် ရှိနေပြီး ထိုအဘိုးကြီးထက်

များစွာ သာလွန်နေပေသည်။ သူ စွမ်းအင်များကို ဖိနှိပ်ထားသ၍ တစ်ဖက်လူက သေချာပေါက် သိနိုင်မည် မဟုတ်ချေ။

"စံအိမ်သခင်... သူတို့က မူယွမ် နဲ့ မူရှာပါ... ရှေးဟောင်းမြို့တော်ကို အခုမှ ရောက်လာပြီး စမ်းသပ်မှုတွေမှာ ပါဝင်ဖို့ ရည်ရွယ်ထားပါတယ်... သူတို့က မူလျန့် မိသားစုခွဲက တပည့်တွေပါ..." မူရန်က ဦးညွှတ်ကာ အထက်ရှိ အဘိုးကြီးကို မိတ်ဆက်ပေးလိုက်ပြီးနောက် နိုင်းယွမ်နှင့် မူရှာတို့ကို လှည့်၍ မိတ်ဆက်ပေးလာသည်။ "ဒါက ငါတို့ လိပ်ပြာတောင်ပံစံအိမ် ရဲ့ စံအိမ်သခင်ပဲ..."

"မူယွမ်က စံအိမ်သခင်ကို ဂါရဝပြုပါတယ်..." နိုင်းယွမ်နှင့် မူရှာတို့ မတ်တတ်ရပ်လိုက်ကြ၏။

"ဟားဟား... ဒီလောက် လုပ်ဖို့ မလိုပါဘူး... အဲဒီတုန်းက မူလျန့် မိသားစုခွဲ ရှေးဟောင်း

မြို့တော်ကနေ ထွက်သွားတုန်းက ငါ မမွေးသေးဘူးလေ... လွန်ခဲ့တဲ့ အနှစ်သုံးဆယ်က မင်းတို့ မိသားစုခွဲက မူထောင်နဲ့ ငါ တွေ့ခဲ့ဖူးတယ်... အခု သူ ဘယ်လိုနေလဲ မသိဘူး..."

အဘိုးကြီးက ကျယ်ဝန်းသော ကုလားထိုင်ပေါ်တွင် နောက်သို့ မှီထိုင်လိုက်ပြီး သူ၏ လက်ချောင်းများက လက်ရန်းကို ညင်သာစွာ ပွတ်သပ်နေကာ တစ်ခုခုကို ပြန်လည် သတိရနေပုံဖြင့် မေးလိုက်သည်။

ထိုစကားများက အန္တရာယ် မရှိသကဲ့သို့ ပုံမှန်စကားစမြည် ပြောနေခြင်းနှင့် တူသော်လည်း ယင်းတို့တွင် စမ်းသပ်မှု တစ်ခု၏ အရိပ်အယောင်များ ပါဝင်နေပေသည်။ အဖြေမှားသွားပါက ပြဿနာ တက်သွားနိုင်၏။

"စံအိမ်သခင်ရဲ့ စိုးရိမ်ပူပန်မှုအတွက် ကျေးဇူးတင်ပါတယ်... မူထောင်က တကယ်ပဲ

ကျွန်မရဲ့ အဖေပါ... သူ ပြီးခဲ့တဲ့နှစ်က ရောဂါကြောင့် ဆုံးပါးသွားခဲ့ပါပြီ..." မှူးရာ အလျင်အမြန် မတ်တတ်ရပ်လိုက်ပြီး သူမ၏ မျက်နှာတွင် ဝမ်းနည်းမှုများ ပေါ်လာသည်။

"တကယ် စိတ်မကောင်းပါဘူး... ငါ ရိုင်းသွားတယ်... အဲဒီတုန်းက သူ့ကို တွေ့ခဲ့တော့ သူ့ရဲ့ ရှက်တစ်ထောင် နတ်ဘုရားလက်ဝါး ကျင့်စဉ်က အထွတ်အထိပ်ကို ရောက်နေပြီ ဖြစ်သလို သူ့ ခန္ဓာကိုယ်ကလည်း အရမ်း ကျန်းမာနေတာပဲ... အနှစ်သုံးဆယ်တောင် မပြည့်သေးဘဲ သူ ဘယ်လိုလုပ်..." အဘိုးကြီး အနည်းငယ် မယုံကြည်နိုင်သည့် ပုံပေါက်နေသည်။

"ကျွန်မ အဖေက ကျင့်ကြံနေတုန်း လျှို့ဝှက်ရောဂါ တစ်ခု ခံစားခဲ့ရပြီး ဘယ်တော့မှ ပြန်မကောင်းလာခဲ့ဘူးလေ... ပြီးတော့ စံအိမ်သခင် မှတ်မိတာ မှားနေပုံရတယ်... ကျွန်မ အဖေက

ရှက်တစ်ထောင် နတ်ဘုရားလက်ဝါးကို မ ကျင့်ကြံခဲ့ပါဘူး... ဆန်းကြယ် သံလက်ဝါးကို ကျင့်ကြံခဲ့တာပါ... ပြီးတော့ အဲဒါက အထွတ်အထိပ်ကိုတောင် မရောက်ခဲ့ပါဘူး... သူ့ ခွန်အားက နောက်ဆုံးအချိန်ထိ ပါရဂူ့ အဆင့် ကိုတောင် မရောက်ခဲ့ဘူးလေ..." မူရှာ ပြော လိုက်၏။

"အော်... ငါ မှတ်မိတာ မှားသွားတာ ဖြစ်မယ်... တကယ် စိတ်မကောင်းပါဘူး..." မူရှာ၏ စကား ကို ကြားသောအခါ အဘိုးကြီး တိတ်တဆိတ် ခေါင်းညိတ်လိုက်ပြီး ပြုံးကာ ပြောလိုက်သည်။ "တော်ဝင်ဝိညာဥ် တပည့် ပြိုင်ပွဲ စဖို့ သုံးရက် လိုသေးတယ်... မင်းတို့ နှစ်ယောက် ဒီမှာ နားလို့ ရတယ်... မူအန်းစံအိမ်က ဒီကို လာပြီး ပြဿနာ ရှာရဲမယ်လို့ ငါ မထင်ဘူး..."

ထိုသို့ ပြောပြီးနောက် သူ မူရန် ဘက်သို့ လှည့်

ကာ ညွှန်ကြားလိုက်သည်။ "မူရန်... သူတို့ကို လီ ရှမ်စံအိမ်ကို ခေါ်သွားပြီး နေရာချထား ပေးလိုက်... ပြီးတော့ ဒီနှစ် တော်ဝင်ဝိညာဥ် တပည့် ပြိုင်ပွဲရဲ့ စည်းမျဉ်းတွေကို သေချာ ရှင်းပြ လိုက်ဦး... ဒါမှ သူတို့ သေချာ ပြင်ဆင်နိုင်မှာ..."

"ဟုတ်ကဲ့ပါ စံအိမ်သခင်..." မူရန် ခေါင်းညိတ် လိုက်၏။ "ကျေးဇူးပြုပြီး နှစ်ယောက်လုံး ကြွ ပါ..."

"အင်း..." ခုနက တစ်ဖက်လူ၏ မေးခွန်းများ၏ ရည်ရွယ်ချက်မှာ သူတို့ကို မူလျန့် မိသားစုခွဲမှ တပည့်များ တကယ် ဟုတ်မဟုတ် စမ်းသပ်ရန် ဖြစ်ကြောင်း နိုင်းယွမ် သိလိုက်ပေသည်။ မူရှာ၏ အဖြေက သူတို့၏ သတိထားမှုကို ပြေပျောက် သွားစေလောက်ပြီ ဖြစ်၏။ သူ ချက်ချင်း ခေါင်းညိတ်လိုက်ပြီး မူရှာနှင့်အတူ မူရန် နောက်မှ လိုက်ကာ ခန်းမထဲမှ ထွက်လာလိုက်

သည်။

သူတို့ သုံးယောက် ထွက်သွားသည်နှင့် အခန်းထောင့် တစ်နေရာမှ လူရိပ်တစ်ခု ထွက်ပေါ်လာ၏။

"ဒီနှစ်ယောက်ကို ဘယ်လို ထင်လဲ..." စံအိမ်သခင်က ထိုလူရိပ်ကို ကြည့်လိုက်၏။

"ကောင်မလေး အကြောင်းကိုတော့ တချို့တလေ ခန့်မှန်းလို့ ရသေးတယ်... ဒါပေမယ့် အဲဒီ ကောင်လေးရဲ့ အသက်စွမ်းအင်က ဖုံးကွယ်ထားပြီး သူ့ဝိညာဉ်မှာ လှိုင်းခတ်မှု လုံးဝမရှိဘူး... သူ ဘယ်လို နည်းလမ်း သုံးထားလဲတော့ မသိဘူး... ဒါပေမယ့် ငါတောင် သူ့ရဲ့ ကျင့်ကြံခြင်း အတိအကျကို မခန့်မှန်းနိုင်ဘူး..." လူရိပ်က မျက်မှောင်ကြုတ်သွားသည်။

ထိုလူရိပ်သည်လည်း အဘိုးကြီး တစ်ယောက်ဖြစ်ပြီး ရှည်လျား နက်ရှိုင်းသော အသက်ရှူသံ

များ ရှိကာ မကြာခဏ အချိန်အကြာကြီး အသက်ရှူသွင်းပြီးမှ အသက်ရှူထုတ်လေ့ ရှိပေသည်။ သူ၏ အသက်ရှူသံကို ကြည့်ရုံဖြင့် သူ၏ ခန္ဓာကိုယ် လုပ်ဆောင်ချက် တစ်ခုလုံးက အထွတ်အထိပ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း သိနိုင်ပြီး ဖန်ဆင်းခြင်း ဒုတိယအဆင့် ယွမ်ရှန်းအဆင့်မှ အားကောင်းသော ပညာရှင် တစ်ယောက် ဖြစ်ကြောင်း ညွှန်ပြနေပေသည်။

ယွမ်ရှန်းအဆင့် ဆိုသည်မှာ ခန္ဓာကိုယ်ဖွဲ့စည်းပုံကို ပြောင်းလဲရန် လေထုထဲမှ မိုးမြေစွမ်းအင်များကို စုပ်ယူပြီး ယွမ်ရှန်းခန္ဓာကို ဖွဲ့စည်းခြင်း ဖြစ်၏။ ခန္ဓာကိုယ် တစ်ခုလုံး၏ စွမ်းဆောင်ရည်များ မြင့်တက်လာပြီး ခွန်အား၊ ခုခံနိုင်စွမ်းနှင့် အထွေထွေ လုပ်ဆောင်ချက်များတွင် တမုဟုတ်ချင်း တိုးတက်လာမည် ဖြစ်သည်။

"ငါလည်း မခန့်မှန်းနိုင်ဘူး... ဒီကောင်လေးက

မရှိးရှင်းဘူး... သူက ပါရဂူန် အဆင့်ပဲ ရှိသေးပေမယ့် သူ့ခွန်အားက သာမန် ယွမ်ရှန်းအဆင့် ပညာရှင် တစ်ယောက်ကို အနိုင်ယူနိုင်လောက်တယ်..."

စံအိမ်သခင်က ခေါင်းညိတ်လိုက်ပြီး ဖြည်းညှင်းစွာ ပြောလိုက်သည်။

"အပြင်စည်း မိသားစု တပည့် တစ်ယောက်က ဒီလို ကောင်းကင်မျက်လုံး ပါရမီမျိုး ပိုင်ဆိုင်ထားတာ တကယ်ကို မယုံနိုင်စရာပဲ..." လူရိပ်၏ မျက်နှာတွင် အံ့သြမှုများ ပြည့်နှက်နေသည်။

"ပါရမီ ရှိရှိ၊ မရှိရှိ ဘယ်သူက ဂရုစိုက်မှာလဲ... သူတို့က တော်ဝင်ဝိညာဥ် တပည့် ပြိုင်ပွဲမှာ ပါဝင်ဖို့ ရောက်လာကတည်းက သေဖို့ ကံပါလာပြီးသားပဲ... အဲဒီအချိန်ကျရင် သူ့ရဲ့ အလားအလာကို မူကျဲဆီ လွှဲပြောင်းပေးလိုက်သ၍ ဒီကောင်လေးက သေချာပေါက် မြန်မြန်

တိုးတက်လာမှာပဲ... ပြီးတော့ ငါတို့ လိပ်ပြာ တောင်ပံစံအိမ်လည်း ခွန်အား မကြီးလာမှာကို စိုးရိမ်စရာ မလိုတော့ဘူး..."

စံအိမ်သခင် တစ်ခုခုကို သတိရသွားပြီး မှတ်ဆိတ်ကို သပ်လိုက်ကာ သူ၏ မျက်လုံးများ တွင် အေးစက်သော အရိပ်အယောင်များ လက်ခနဲ ဖြစ်သွားသည်။

"ဟုတ်တယ်... ဒီအပြင်စည်း မိသားစု တပည့် တွေက ငါတို့ ရှေးဟောင်းမြို့တော်အပေါ် သံယောဇဉ် လုံးဝ မရှိကြဘူး... သူတို့ကို ဒီလို ကြီးကျယ်ခမ်းနားတဲ့ ပွဲမျိုးမှာ ပါဝင်ခွင့် ပြုရတဲ့ အကြောင်းရင်းက သူတို့ရဲ့ အလားအလာကို လွှဲပြောင်းယူဖို့ပဲ... ဒီတပည့်တွေရဲ့ အလားအလာကို လွှဲပြောင်းယူနိုင်သ၍ ငါတို့ ရှေးဟောင်းမြို့တော်က ဆက်လက် ကြီးပွား တိုးတက်နိုင်ပြီး လင်ရှီးစမ်းရေလည်း

အဆက်မပြတ် ထွက်ရှိနေမှာပဲ..."

လူရိပ်ကလည်း ခေါင်းညိတ်လိုက်၏။

"ဒီရက်ပိုင်း နည်းနည်း ဂရုစိုက်ထား... ဒီနှစ်ယောက်ကို ထွက်သွားခွင့် မပေးနဲ့... သူတို့ တော်ဝင်ဝိညာဉ် တပည့် ပြိုင်ပွဲထဲ ဝင်သွားတာနဲ့ ထွက်သွားချင်ရင်တောင် ထွက်သွားလို့ ရမှာ မဟုတ်တော့ဘူး..."

စံအိမ်သခင် ဘာတွေးနေမှန်း မသိသော်လည်း သူ၏ မျက်လုံးများတွင် အေးစက်သော အလင်းရောင်များ ပေါ်လာပြီး လက်ရန်းပေါ်ကို လက်ချောင်းများဖြင့် ခေါက်ကာ ညွှန်ကြားလိုက်သည်။

"ဟုတ်ကဲ့ပါ..." လူရိပ်က ခေါင်းညိတ်လိုက်ပြီး လှည့်ကာ ခန်းမထဲမှ ထွက်သွားသည်။ ထိုကိစ္စကို စီစဉ်ရန် ဖြစ်ပုံရပေသည်။

"အလားအလာကို လွှဲပြောင်းယူမယ်

ဟုတ်လား... ကြည့်ရတာ ဒီ တော်ဝင်ဝိညာဉ် တပည့် ပြိုင်ပွဲက အဲဒီလောက် မရိုးရှင်းဘူး ထင်တယ်..."

မူရန် နောက်မှ လိုက်လာရင်း နိုင်းယွမ် မျက်မှောင်ကြုတ်သွားသည်။

စံအိမ်သခင်၏ ညှိနှိုင်းခန်းမဆောင်မှ ထွက်လာပြီးနောက် သူ ကောင်းကင်မျက်လုံးကို တိတ်တဆိတ် အသက်သွင်းလိုက်ပြီး ထိုလူရိပ်နှင့် စံအိမ်သခင်တို့၏ စကားဝိုင်းကို ရှင်းလင်းစွာ စောင့်ကြည့်နေခဲ့ခြင်း ဖြစ်ပေသည်။

ယခင်က နိုင်းယွမ် နှုတ်ခမ်းဖတ်ခြင်းကို မတတ်ကျွမ်းသဖြင့် စကားဝိုင်း တစ်ခုကို မြင်လျှင်ပင် တစ်ဖက်လူ ဘာပြောနေမှန်း မခန့်မှန်းနိုင်ခဲ့ချေ။ သို့သော် ရှေးဟောင်းမြို့တော်သို့ လာရာလမ်း တစ်လတာ ကာလအတွင်း သူ နှုတ်ခမ်းဖတ်ခြင်း နည်းစနစ်များကို သေချာစွာ လေ့လာ

ခဲ့ပေသည်။

ထိုနည်းစနစ်သည် ရှုပ်ထွေးပုံ ရသော်လည်း တကယ်တမ်းတွင် အလွန် ရိုးရှင်းလှ၏။ ပါးစပ်မှ ထွက်လာသော စကားလုံးတိုင်းတွင် သိမ်မွေ့သော ကွာခြားချက်များ ရှိပေသည်။ ထိုကွာခြားချက်များကို သာမန်လူ တစ်ယောက် သတိပြုမိရန် ခက်ခဲသော်လည်း ထူးခြားသော ကောင်းကင်မျက်လုံး ပါရမီ ရှိသည့် အားကောင်းသော ပညာရှင် တစ်ယောက်အတွက်မူ အလွန် ရိုးရှင်းလှ၏။

ထို့ကြောင့် နိုင်းယွမ် ယခုအခါ အခြားသူများ၏ စကားပြောဆိုမှု နှုတ်ခမ်းပုံစံများကို ကြည့်ရှုခြင်းဖြင့် သူတို့ ဘာပြောနေမှန်း နားလည်နိုင်ပြီဖြစ်၏။

ခန်းမထဲသို့ ဝင်ရောက်သည်နှင့် နိုင်းယွမ် အခန်းထောင့် တစ်နေရာတွင် ပုန်းကွယ်နေသူ

တစ်ယောက် ရှိကြောင်း သတိပြုမိခဲ့ပေသည်။ ပုန်းကွယ်ခြင်း ပါရမီရှင်ပင်လျှင် ကောင်းကင်မျက်လုံး၏ အမြင်အောက်တွင် ပုန်းကွယ်၍ မရနိုင်ရာ သာမန် ပုန်းကွယ်ခြင်းက နိုင်းယွမ်၏ မျက်လုံးအောက်မှ မည်သို့များ လွတ်ကင်းနိုင်မည်နည်း။

သို့သော် သူ မမြင်ဟန် ဆောင်ခဲ့ပြီး ထွက်လာသောအခါမှသာ အတိအကျ လှုပ်ရှားမှုများကို စောင့်ကြည့်ရန် ကောင်းကင်မျက်လုံးကို အသုံးပြုခဲ့ခြင်း ဖြစ်ပေသည်။

သူ၏ လက်ရှိ ဝိညာဉ်အဆင့်က စံအိမ်သခင်နှင့် အခြားသူများထက် မြင့်မားနေသဖြင့် သူ ကောင်းကင်မျက်လုံးဖြင့် ဆက်လက် စောင့်ကြည့်နေလျှင်ပင် တစ်ဖက်လူက သတိပြုမိနိုင်မည် မဟုတ်ချေ။

အစစ်အမှန်ချီကို လွှဲပြောင်းယူ၍ ရပေသည်။

ခွန်အားကိုလည်း လွှဲပြောင်းယူ၍ ရ၏။ သို့သော် ပါရမီစွမ်းအားကို လွှဲပြောင်းယူသည်ကိုတော့ နိုင်းယွမ် တစ်ခါမှ မကြားဖူးခဲ့ချေ။ ထို့ကြောင့် စံအိမ်သခင်နှင့် လူရိုပ်တို့၏ စကားဝိုင်းကို မြင်သောအခါ သူ အနည်းငယ် မယုံနိုင်အောင် ဖြစ်သွားရသည်။

"သူတို့ ဘာတွေပဲ ကြံစည်နေပါစေ... ဒီကို လာရတဲ့ ငါ့ရည်ရွယ်ချက်က လင်ရှီးစမ်းရေကို ရှာဖို့ပဲ... ရှာတွေ့တာနဲ့ တိတ်တဆိတ် ထွက်သွားမယ်... ဒီလူတွေနဲ့ အများကြီး ပတ်သက်နေစရာ မလိုပါဘူး..."

အဖြေရှာမရသဖြင့် နိုင်းယွမ် ဆက်မတွေးတော့ပေ။

ဘာပဲဖြစ်ဖြစ် ထိုနေရာသို့ လာရခြင်း၏ ရည်ရွယ်ချက်မှာ လင်ရှီးစမ်းရေကို ခိုးယူရန် နည်းလမ်း ရှာဖွေရန်သာ ဖြစ်၏။ ပစ္စည်း ရ

သည်နှင့် သူ လှည့်ထွက်သွားမည် ဖြစ်ပေသည်။ ထိုလူများနှင့် ပတ်သက်နေစရာ အကြောင်းမရှိချေ။

သို့သော် တစ်ဖက်လူက တကယ်ပဲ ပတ်သက်ချင်နေပါက နိုင်းယွမ် အနေဖြင့် လှုပ်ရှားရမည်ကို ဝန်လေးနေမည် မဟုတ်ပေ။

"မင်းတို့ နှစ်ယောက်... ဒါက လီရှမ်စံအိမ်ပဲ... ငါတို့ ဧည့်သည်တွေကို လက်ခံတဲ့ အထူးမြတ်ဆုံး နေရာပေါ့... မင်းတို့ ဒီမှာ တည်းလို့ ရတယ်..."

ခေတ္တမျှ စောင့်ကြည့်ပြီးနောက် အသစ်အဆန်းဘာမှ မတွေ့ရသဖြင့် နိုင်းယွမ် ဆက်မကြည့်တော့ပေ။ မူရန် နောက်မှ လိုက်သွားပြီး သူတို့သုံးယောက်သား သီးခြား ခြံဝင်းငယ်လေး တစ်ခုသို့ အလျှင်အမြန် ရောက်ရှိလာကြ၏။ မူရန်က နေရာချထားပေးပြီး ပြုံးကာ ပြောလိုက်သည်။

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ် ဦးလေး မူရန်... ဒါနဲ့ စံအိမ်သခင်က ခုနက ဦးလေးကို တော်ဝင်ဝိညာဉ် တပည့် ပြိုင်ပွဲ အကြောင်း ပြောပြခိုင်းလိုက်တယ်နော်... ကျွန်တော်တို့ကို အသေးစိတ် ရှင်းပြပေးလို့ ရမလား... ကျွန်တော်တို့က ရှေးဟောင်းမြို့တော်ကို အရင်က တစ်ခါမှ မရောက်ဖူးတော့ ဒီက စည်းမျဉ်း တော်တော်များများကို နားမလည်လို့ပါ..."

မူရန် နေရာချထားပေးပြီး ထွက်သွားရန် ပြင်နေသည်ကို မြင်သောအခါ နိုင်းယွမ် အလျင်အမြန် မေးလိုက်သည်။ အကယ်၍ လူတိုင်းကို ဒူးထောက်သွားစေခဲ့သော သူ၏ ယခင်ပုံစံကိုသာ မသိပါက သူ့ကို လိမ္မာရေးခြားရှိပြီး နှိမ့်ချတတ်သော လူငယ်လေး တစ်ယောက်ဟု တကယ် ထင်မှတ်သွားလောက်ပေသည်။

"ဒါက တကယ်တော့ အရမ်း ရိုးရှင်းပါတယ်...

ငါတို့ ရှေးဟောင်းမြို့တော်ရဲ့ အဖိုးတန်ဆုံး အရာက ဘာလဲဆိုတာ မင်းတို့ သိမှာပါ... ဟုတ်တယ် မလား..." မူရန် ခေတ္တ ရပ်တန့်သွားပြီး ရှင်းပြလိုက်သည်။

"အဖိုးတန်ဆုံး အရာကတော့ သေချာပေါက် လင်ရှီးစမ်းရေပေါ့..." နိုင်းယွမ် ခေတ္တမျှ စဉ်းစားပြီးနောက် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ငါတို့ ရှေးဟောင်းမြို့တော်ရဲ့ အဖိုးတန်ဆုံး အရာက လင်ရှီးစမ်းရေပဲ... အဲဒါသာ မရှိရင် ငါတို့က ဒီလောက် ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက် အားကောင်းတဲ့ ခွန်အားတွေကို ဘယ်လိုလုပ် ပိုင်ဆိုင်နိုင်မှာလဲ... လင်ရှီးစမ်းရေက ပစ္စည်းကောင်း တစ်ခု ဆိုပေမယ့် တကယ်ကို ရှားပါးလွန်းတယ်... တစ်နှစ်ကို တစ်စက်ပဲ ထွက်နိုင်တာလေ... အရမ်း အဖိုးတန်လွန်းလို့ အဲဒါကို ခွဲဝေတဲ့ နေရာမှာ သဘောထား

ကွဲလွဲမှုတွေ ရှိတယ်..."

"မင်းတို့ သိတဲ့အတိုင်း ငါတို့ ရှေးဟောင်းမြို့တော်မှာ စံအိမ်ကြီးငါးခု ရှိပြီး တစ်ခုချင်းစီက ကိုယ်ပိုင် အုပ်ချုပ်ကြတယ်... လူတိုင်းက လင်ရှီးစမ်းရေကို ထိန်းချုပ်ပြီး ပိုကြီးမားတဲ့ အကျိုးအမြတ်တွေ ရချင်ကြတော့ ပဋိပက္ခတွေ ဖြစ်လာတာပေါ့... ပဋိပက္ခတွေကြောင့် ရှေးဟောင်းမြို့တော်ရဲ့ လုံခြုံရေးကို မထိခိုက်စေဖို့ မြို့သခင် အိမ်တော်က နည်းလမ်း တစ်ခု သတ်မှတ်ပေးခဲ့တယ်... ငါတို့ မိသားစုကြီး ငါးခုက ဆယ်နှစ်တစ်ကြိမ် တော်ဝင်ဝိညာဉ် တပည့်ပြိုင်ပွဲ ကျင်းပရမယ်... ဘယ်စံအိမ်က တပည့်ပဲဖြစ်ဖြစ် ပထမဆု ရရင် လင်ရှီးစမ်းရေကို ဆယ်နှစ်ကြာ စီမံခန့်ခွဲခွင့် ရမယ်..."

"အပြင်စည်း မိသားစု တပည့်တွေလည်း ဒီပြိုင်ပွဲမှာ ပါဝင်ခွင့် ရှိတယ်... လူတိုင်း

အချင်းချင်း ယှဉ်ပြိုင်ကြတာက တပည့်တွေကို ပို ပိုပြီး အစွမ်းထက်လာစေရုံသာမက လင်ရှီး စမ်းရေ ခွဲဝေမှု ပြဿနာကိုပါ ဖြေရှင်းပေးနိုင်လို့ စံအိမ်ကြီးငါးခုလုံးက ထောက်ခံခဲ့ကြတယ်... အချိန်ကြာလာတော့ ဒါက ဓလေ့တစ်ခုလို ဖြစ်လာတာပေါ့... သခင်လေး မူယွမ်... သာမန် လူတွေထက် သာလွန်တဲ့ ခွန်အားနဲ့ မင်း ပေါ်လာ တော့ မူအန်းစံအိမ် ထိတ်လန့်သွားရတယ်... ဘာ ပဲဖြစ်ဖြစ် သူတို့က ပြီးခဲ့တဲ့ အကြိမ်တုန်းက လင် ရှီးစမ်းရေရဲ့ ထိန်းချုပ်မှုကို ရထားတာဆိုတော့ လက်မလွှတ်ချင်ကြဘူးလေ..."

မူရန်က တော်ဝင်ဝိညာဥ် တပည့် ပြိုင်ပွဲ၏ မူလအစ၊ ရည်ရွယ်ချက်နှင့် အသေးစိတ် အချက်အလက်များကို ရှင်းပြလိုက်သည်။

"ဪ... ဒီလိုကိုး..." နိုင်းယွမ် နောက်ဆုံးတွင် အနည်းငယ် နားလည်သွားသည်။

သူ တည်းခိုရန် နေရာရှာတွေ့သည်နှင့် မူရှန်းက ပြဿနာ လာရှာသည်မှာ အံ့ဩစရာ မဟုတ်တော့ချေ။ ကြည့်ရသည်မှာ ထိုသည်မှာ မူအန်းစံအိမ်က တမင်တကာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပုံရပေသည်။ အကယ်၍ အပြင်စည်း မိသားစု တပည့်များသာ အားနည်းပါက တိုက်ရိုက်နှင်ထုတ်ခံရမည် ဖြစ်၏။ အကယ်၍ သူတို့သာ အားကောင်းပါက ချက်ချင်း သတင်းပို့မည် ဖြစ်ပြီး စံအိမ်မှ ပညာရှင်များ ထွက်လာကာ သူတို့ကို သတ်ပစ်ပြီး အန္တရာယ်ကို ဖယ်ရှားပစ်မည် ဖြစ်ပေသည်။ ထို့ကြောင့် မူအန်းစံအိမ်မှ ပညာရှင်များ ထိုမျှ မြန်မြန်ဆန်ဆန် ရောက်လာခဲ့ခြင်း ဖြစ်၏။

သို့သော် သူတို့မှာ နိုင်းယွမ်ကဲ့သို့သော မိစ္ဆာကောင် တစ်ကောင်နှင့် ကြုံတွေ့ရလိမ့်မည်ဟု အိပ်မက်ပင် မမက်ဖူးလောက်ချေ။ သူတို့

စေလွှတ်လိုက်သည့် ပညာရှင်အားလုံးမှာ ယခုမူ မြေကြီးပေါ်တွင် ဒူးထောက်နေရပြီး လုံးဝ အရှက်ကွဲနေကြပြီ ဖြစ်၏။

အခန်း ၃၇၁ ပြီး